


VOLUME IV, ISSUE 30 6 December 2023

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးက လက်ရောက်အပ်နှင်း၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုကဏ္ဍတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး | ၅ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဂုဏ်ပြုချီးမြှင့် | ၈ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် ဆွေးနွေးပွဲနှင့် ဆက်စပ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ် | ၉ |
| ၅ | ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏မွေးနေ့၊ ထိုင်းနိုင်ငံ၏အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် | ၁၂ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၄ |
| ၈ | ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၅ |
| ၉ | မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၁၆ |
| ၁၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု | ၁၈ |
| ၁၁ | ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲများပြုလုပ် | ၁၉ |
| ၁၂ | ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်းပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ် | ၂၂ |
| ၁၃ | နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ် | ၂၃ |
| ၁၄ | အကြမ်းဖက်သမားများက ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ | ၂၄ |
| ၁၅ | မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းခဲ့ | ၂၆ |
| ၁၆ | PDF အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာရှိ မင်္ဂလာဆောင်ပွဲအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ | ၂၈ |
| ၁၇ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၉ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) ကို ဒီဇင်ဘာလ ၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

- စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးရာသီစိုက်ပျိုးမှုများပြီးဆုံး၍ အချို့မှာ ရိတ်သိမ်းမှုများဆောင်ရွက်နေပြီဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်ခဲ့သည့် အကျိုးကျေးဇူးအဖြစ် သီးနှံထွက်ရှိမှုများ တိုးတက်ခဲ့သော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း။
- ကော်ဖီစိုက်ပျိုးမှုများကို သတ်မှတ်ထားသည့်အတိုင်း တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက လာမည့် ၅ နှစ်တာကာလအတွင်း ကော်ဖီထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။
- ရာဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စိုက်ပျိုး ဧက ၁ သန်း ၆ သိန်းကျော်ရှိကြောင်း၊ ရာဘာထုတ်ကုန်သည်လည်း သေချာသည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်ပြီး အဆင့်ရှိသည့် ကုန်ကြမ်းများကို ထုတ်လုပ်နိုင်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရာဘာစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။
- မိမိတို့နိုင်ငံ၏ဘဏ်များ၌ ငွေကြေးပိုင်ဆိုင်မှုစာရင်းများအရ ပုဂ္ဂလိက ပိုင်ဆိုင်မှုများပြားကြောင်း၊ ၎င်းပိုင်ဆိုင်မှုများကို နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးများစွာရှိကြောင်း။
- ပြီးခဲ့သည့်ကာလများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ရရှိမှုများ တိုးတက်လာကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေများကိုမှုတည်၍ အသုံးပြုရခြင်းဖြစ်သည့်အတွက် အခွန်အခများရရှိရေး လိုအပ်ကြောင်း၊
- အခွန်အခများကောက်ယူရာတွင် အခွန်အားတိုးမြှင့်ကောက်ခံခြင်း (Tax rate တိုးမြှင့်ခြင်း) မပြုလုပ်ဘဲ ယခင်ရှိ



ပြီး အခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင်ကောက်ခံခြင်း (Tax Space တိုးချဲ့ခြင်း) များကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

- နိုင်ငံခြားငွေနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်စေရန်နှင့် ဘဏ်စနစ်ကို ထိခိုက်စေရန်အတွက် မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန် (Export) တိုးမြှင့်နိုင်ရန်လိုကြောင်း၊ ထို့သို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

- မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ပြည်ပပို့ကုန်များနှင့်ပတ်သက်၍ ဝင်ငွေအပေါ် သင့်လျော်သည့်အချိုးများဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့သောကြောင့် ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း။

- သို့သော် မသမာသူများက စားသုံးဆီဈေးများကြီးမြင့်အောင်ဆောင်ရွက်ခဲ့မှုကြောင့် ပြည်သူများအတွက် ထိခိုက်မှုများရှိခဲ့ရာ မသမာသူများအား ဥပဒေနှင့် အညီထိရောက်သည့်ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

- ကုန်ထုတ်လုပ်မှုအားနည်းချက်မှာ သွင်းအားစုများဈေးကြီးမြင့်ခြင်းကြောင့်ဟု အချို့ကသုံးသပ်ကြသော်လည်း အဓိကအားဖြင့် အကျိုးအမြတ်ရရှိမှုအပေါ်မူတည်၍ ကုန်ထုတ်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းသည်ကို တွေ့ရကြောင်း။

- အကျိုးအမြတ် နည်းသော်လည်း များများထုတ်လုပ်၊ များများလည်ပတ်နိုင်ပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ စိုက်ပျိုးမွေးမြူရေးအတွက် အဓိကသွင်းကုန်ဖြစ်သည့် ဓာတ်မြေဩဇာနှင့် အခြားလိုအပ်ချက်များလွယ်ကူစွာ တင်သွင်းနိုင်ရေး ရာဘာလုပ်ငန်းရှင်များအား ပို့ကုန်ရငွေ၏ ၇၀ ရာခိုင်နှုန်းကိုသုံးစွဲခွင့်ပေးထားကြောင်း။

- စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက်ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များအောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

- သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း အားပေးကြရန်လိုပြီး ပြည်တွင်း၌သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

- MSME လုပ်ငန်းများကိုဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

- အခြေခံပညာနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်သည့် နယ်မြေများမှလွဲ၍ ကျန်နယ်မြေများတွင် ရာနှုန်းပြည့် ကျောင်းတက်ရောက်လျက်ရှိပြီး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရေး ဆရာ၊ ဆရာမများအပြင် သက်ဆိုင်ရာတာဝန်ရှိသူများက အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊

- အခက်အခဲများကြားမှ သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကိုဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ချီးကျူးအသိအမှတ်ပြုပါကြောင်း။

- ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် တပ်မတော်အစိုးရလက်ထက်မှ ယခုတိုင်အောင် ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ရခိုင်ပြည်နယ်သည် ယခင်ကထက် အဆပေါင်းများစွာပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

- ထိုကဲ့သို့သော တိုးတက်နေသည့်အခြေအနေကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်မှာ ဒေသတွင်း၌ရှိသည့် AA လက်နက်ကိုင်အဖွဲ့အစည်းသာလျှင်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အနေဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝ ဒေသတို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖန်တီးလျက်ရှိကြောင်း။

- ထိုကဲ့သို့ဒေသတွင်း၌ ပဋိပက္ခများဖြစ်ပေါ်နေခြင်း၏ ဆိုးကျိုးကို ဒေသခံများကသာ ခံစားရမည်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးခဲ့သည့် လမ်း၊ တံတား၊ အဆောက်အဦးများ၊ ရေးဟောင်းအမွေအနှစ်များသည် အဖျက်အမှောင့်လုပ်ရပ်များကြောင့် တစ်ခဏတာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

- မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်တွင် အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်ပြီး ငွေကြေးများသုံးစွဲနေရကြောင်း၊

- အလားတူ ကယားပြည်နယ်၊ လွိုင်ကော်ဒေသတွင် ယခင်နှစ်ကလည်း KNPP နှင့် KNDF အကြမ်းဖက်အဖွဲ့များကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အခြေအနေများ ပြန်လည်တည်ငြိမ်ခဲ့ချိန်တွင် ပြည်သူများအနေဖြင့် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၎င်းတို့၏ ချွေးနည်းစာဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း။

- KNPP အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ နေအိမ်အဆောက်အဦများစွာပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလွန်ပင်ခက်ခဲသွားပြီဖြစ်ကြောင်း။

- လက်နက်ကိုင်အဖွဲ့များအနေဖြင့်ဆက်လက်၍ မိုက်တွင်းနက်နေမည်ဆိုပါက မိုက်တွင်းနက်သည့်ဒဏ်ကို ဒေသရှိပြည်သူများကသာ ခံစားရမည်ဖြစ်သောကြောင့် မြေစာပင်ဖြစ်နေသည့် ပြည်သူကို ကိုယ်ချင်းစာရန်နှင့် ဆက်လက်၍ မမိုက်မဲကြဘဲ နိုင်ငံရေးနည်းလမ်းအရဖြေရှင်းရန်လိုမည်ဖြစ်ကြောင်း။

- မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့တောင်းဆိုနေသည့် အချက်များအားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည်မဟုတ်ကြောင်း။

- ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

- နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် စီးပွားရေးအရလည်း ထိခိုက်မှုရှိပြီး ခရီးသွားလုပ်ငန်း၌များစွာထိခိုက်နစ်နာမှုရှိကြောင်း၊ နိုင်ငံရေးအရ၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှသာလျှင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၃)**

- **အခွန်အခများကောက်ယူရာတွင် အခွန်အားတိုးမြှင့်ကောက်ခံခြင်း (Tax rate တိုးမြှင့်ခြင်း) မပြုလုပ်ဘဲ ယခင်ရှိပြီး အခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင်ကောက်ခံခြင်း (Tax Space တိုးချဲ့ခြင်း) များကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လို။**

- **မသမာသူများက စားသုံးဆီဈေးများကြီးမြင့်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ပြည်သူများအတွက် ထိခိုက်မှုများရှိခဲ့ရာ မသမာသူများအား ဥပဒေနှင့် အညီထိရောက်သည့် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်ခဲ့။**

- **MSME လုပ်ငန်းများကိုဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လို။**

- **အခက်အခဲများကြားမှ သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကို ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ချီးကျူးအသိအမှတ်ပြု။**

- **ရခိုင်ပြည်နယ်တိုးတက်နေသည့်အခြေအနေကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်မှာ ဒေသတွင်း၌ရှိသည့် AA လက်နက်ကိုင်အဖွဲ့အစည်းသာလျှင်ဖြစ်၊ လက်နက်ကိုင်အဖွဲ့အနေဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝဒေသတို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖန်တီးလျက်ရှိ။**

- **KNPP အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ နေအိမ်အဆောက်အဦများစွာ ပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလွန်ပင်ခက်ခဲသွားပြီဖြစ်ကြောင်း။**

- **လက်နက်ကိုင်အဖွဲ့များအနေဖြင့်ဆက်လက်၍ မိုက်တွင်းနက်နေမည်ဆိုပါက မိုက်တွင်းနက်သည့်ဒဏ်ကို ဒေသရှိပြည်သူများကသာ ခံစားရမည်ဖြစ်သောကြောင့် မြေစာပင်ဖြစ်နေသည့် ပြည်သူကို ကိုယ်ချင်းစာရန်နှင့် ဆက်လက်၍ မမိုက်မဲကြဘဲ နိုင်ငံရေးနည်းလမ်းအရဖြေရှင်းရန်လိုမည်ဖြစ်ကြောင်း။**

- **မိမိတို့လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့တောင်းဆိုနေသည့် အချက်များအားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည်မဟုတ်။**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးက လက်ရောက်အပ်နှင်း၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုကဏ္ဍတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး**





УКАЗ
ПРЕЗИДЕНТА РОССИЙСКОЙ ФЕДЕРАЦИИ

О награждении государственными наградами
Российской Федерации

За большой вклад в развитие многопланового
сотрудничества между Российской Федерацией
и Республикой Союз Мьянма наградить

ОРДЕНОМ
АЛЕКСАНДРА НЕВСКОГО

МИН АУНГ ХЛАИНГА -
Председателя Государственного административного
совета Республики Союз Мьянма, Премьер-министра,
Главнокомандующего Вооруженными Силами.

Президент
Российской Федерации В.Путин

Москва, Кремль
22 сентября 2023 года
№ 704



ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV က ဒီဇင်ဘာလ ၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံအပ်နှင်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍ တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးမားသော ကြိုးပမ်းမှုများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ Order of Alexander Nevsky ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ Order of Friendship ဘွဲ့တံဆိပ်ကိုလည်းကောင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် အာဆီယံရေးရာကိစ္စရပ်များ၊ နိုင်ငံတကာနယ်ပယ် ၌ ဝင်ရိုး(Uni Polar) မှ ဗဟု









ဝင်ရိုး (Multi Polar) အဖြစ်ပြောင်းလဲလာပြီး နိုင်ငံကြီးတစ်ခုတည်းမှ ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်မှုပြုလုပ်နိုင်မည့် အလားအလာ နည်းပါးလာမှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ။

- နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်သွားနိုင်မှု အခြေအနေများ၊ ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ကြိုးပမ်းချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ရပ်တည်သွားမည့်အခြေအနေများ။

- နှစ်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ။

- အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံအကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ။

- မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ အိမ်နီးချင်းနိုင်ငံများနှင့် တိုက်ရိုက်ငွေပေးချေမှုများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ။

- မြန်မာနိုင်ငံနှင့် ရုရှားတပ်မတော်နှစ်ရပ်အကြား ရေတပ်လေ့ကျင့်ခန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ။

- လေကြောင်းတိုက်ရိုက်ပျံသန်းမှုနှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာထုတ်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် သံမဏိထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ။

- နှစ်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်များ ရုရှားနိုင်ငံသို့ ဆက်လက်စေလွှတ်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်



ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- **ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးမားသော ကြိုးပမ်းမှုများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Order of Alexander Nevsky ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်အား Order of Friendship ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့။**
- **နိုင်ငံတကာရေးရာနှင့် အာဆီယံရေးရာကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်သွားနိုင်မှု၊ နှစ်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ လေကြောင်းတိုက်ရိုက်ပျံသန်းမှုနှင့် ခရီးသွားကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး H.E. Mr Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဂုဏ်ပြုချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအနားကို ဒီဇင်ဘာလ ၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဒုတိယဝန်ကြီး ဦးခင်လတ်က ဘွဲ့တံဆိပ်ပေးအပ်သည့်အမိန့်ကို ဖတ်ကြားတင်ပြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ရရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ ရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး သီရိပျံချီ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**



- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှား နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ရရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV ထံ ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့။

## ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် ဆွေးနွေးပွဲနှင့် ဆက်စပ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့်ဆွေးနွေးပွဲနှင့် ဆက်စပ်ဆွေးနွေးပွဲများကို ဒီဇင်ဘာလ ၅ ရက်တွင် နေပြည်တော်၊ MICC II ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပတ်ထရူးရှက်ဖ် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

- တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် နိုင်ငံတကာမျက်နှာစာ၌ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး အခြေအနေ၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ သတင်းအချက်အလက်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်



များနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့။

- ဆက်စပ်ဆွေးနွေးပွဲများဖြစ်သည့် "ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု" ဆိုင်ရာဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စက်မှုလက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Albert KARIMOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍ လည်းကောင်း၊

- "စားနပ်ရိက္ခာလုံခြုံရေး"ဆိုင်ရာဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sergei LEVIN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍လည်းကောင်း၊

- "စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး"ဆိုင်ရာဆွေးနွေးပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(Rosatom)၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Mr. Andrei BELYAKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍လည်းကောင်း၊

- "ဘဏ္ဍာရေးဆိုင်ရာလုံခြုံရေး" ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ Mr. Aleksei GUZNOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍လည်းကောင်း ကဏ္ဍအလိုက် နှစ်နိုင်ငံရှေ့ ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-ရုရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာသတင်းအချက်အလက် လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ကြကြောင်းနှင့် ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**










- ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့။

- ဆက်စပ်ဆွေးနွေးပွဲများသို့ သက်ဆိုရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တို့တက်ရောက်၍ ကဏ္ဍအလိုက် နှစ်နိုင်ငံရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့။

- မြန်မာ-ရုရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့။

# ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏မွေးနေ့၊ ထိုင်းနိုင်ငံ၏အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်




ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏အမျိုးသားနေ့နှင့် Thailand's Father's Dayအထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ ၅ ရက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းရှိ ထိုင်းသံအမတ်ကြီး၏ နေအိမ်ခြံဝန်း၌ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဇနီး တို့ တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီးနောက် သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ထိုင်းယဉ်ကျေးမှုအဖွဲ့က ထိုင်းရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများသည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းရှိ ထိုင်းသံအမတ်ကြီး၏ နေအိမ်ခြံဝန်း၌ ကျင်းပခဲ့သည့် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏မွေးနေ့၊ ထိုင်းနိုင်ငံ၏အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာမိုဟာမက် မွန်(န)ဝါ ဟူစိန်အား ဒီဇင်ဘာလ ၅ ရက်တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှုအပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၆–၁၂–၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှု အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Elena Ajmone Sessera ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဒီဇင်ဘာလ ၄ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် Ms. Elena Ajmone Sessera တို့သည် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေများ လိုက်နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးကိစ္စနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေများ လိုက်နာရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မစ္စတာအယ်လ်ဘတ်ခရီမော့ဗ် ဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့အား ဒီဇင်ဘာလ ၅ ရက်တွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကုန်သွယ်ရေးနှင့် စီးပွားရေး၊ သတင်းအချက် အလက်နည်းပညာ၊ ဘဏ္ဍာရေးနှင့် စက်မှုကဏ္ဍဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြောင်းနှင့် တွေ့ဆုံပွဲသို့ သက်ဆိုင်ရာဝန်ကြီး ဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး ကုန်သွယ်ရေးနှင့် စီးပွားရေး၊ သတင်းအချက်အလက်နည်းပညာ၊ ဘဏ္ဍာရေးနှင့် စက်မှုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ဒီဇင်ဘာလ ၄ ရက်နှင့် ၅ ရက်တို့တွင် မြန်မာနိုင်ငံအတွင်း လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့ပါသည်-

- ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Order of Alexander Nevsky ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့သည့် အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခဲ့သည့်အခြေအနေများ။
- ထွက်ခွင့်ရထားသော စစ်သည်ဟောင်းများ၊ ခွင့်မဲ့၊ စစ်ပြေးဖြစ်နေသော စစ်သည်များက နိုင်ငံတော်ကာကွယ်ရေးအတွက် ခွင့်ပြုပါက တပ်မတော်တွင် ပြန်လည် တာဝန်ထမ်းဆောင်လိုကြောင်း စာရေးသား၍ ဆန္ဒပြုခြင်း၊ တပ်မှူးများနှင့် လူကိုယ်တိုင်တွေ့ဆုံကာ ဆန္ဒပြုခြင်းများကို ပြုလုပ်ခဲ့ကြောင်း။
- ခွင့်မဲ့၊ စစ်ပြေးဖြစ်နေသော စစ်သည်များအနေဖြင့် သတ်မှတ်ကာလအရ အကြိုးဝင်သည့် စစ်သည်များကို သက်ဆိုင်ရာ ဒါမှမဟုတ် နီးစပ်ရာတပ်များ၌ ပြန်လည်လက်ခံပေးမည်ဖြစ်ကြောင်းနှင့် စစ်မှုထမ်းရန်ဆန္ဒပြုသည့် သာမန်ပြစ်မှုကျူးလွန်သော တပ်မတော်သားများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးမည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း။
- ဥပဒေအရ စစ်ပြေးမှုဆိုသည်မှာ ယေဘုယျအားဖြင့် တပ်သို့ပြန်လာရန် ရည်ရွယ်ချက်မရှိသော ခွင့်မဲ့ပျက်ကွက်ခြင်းဖြစ်ပြီး တပ်သို့ပြန်လာ၍ စစ်မှုထမ်းရန် ရည်ရွယ်ချက်ရှိပါက စစ်ပြေးမှုမမြောက်ဘူးဟု ဆိုလိုနိုင်ကြောင်း။

- ခွင့်မဲ့ပျက်ကွက် ကြေညာခံထားရသူများသည် တပ်တွင် စစ်မှုထမ်းရန်ရည်ရွယ်ချက်ဖြင့် ပြန်လာမည်ဆိုပါက စစ်ပြေးမှုအဖြစ်မသတ်မှတ်ဘဲ ခွင့်မဲ့ပျက်ကွက်မှုအဖြစ်သာ သတ်မှတ်ပြီး စစ်သည်များကို စစ်မှုထမ်းရန် လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- အမေရိကန်နိုင်ငံ၏ Website တစ်ခုဖြစ်သော US Department State Website တွင် Country Report Of Terrorism 2022 ခေါင်းစဉ်ဖြင့် နိုင်ငံအလိုက်အကြမ်းဖက်မှု အစီရင်ခံစာ တစ်ခု ထွက်ရှိလာခဲ့ပြီး ၎င်းအစီရင်ခံစာတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မြန်မာနိုင်ငံရှိ အကြမ်းဖက်မှုများ၏ ၅၇ ရာခိုင်နှုန်းကိုလည်းကောင်း၊ KNLA ၊ KNDF အဖွဲ့များက ၁၄ ရာခိုင်နှုန်းကိုလည်းကောင်း ကျူးလွန်နေသည်ဟု ထုတ်ပြန်ထားသည်ကိုတွေ့ရှိရကြောင်း။

- အဆိုပါအကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ဖော်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့များဖြစ်သည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

- ရှမ်းပြည်နယ်(အရှေ့မြောက်ဒေသ)တွင် နမ့်ခမ်း၊ လောက်ကိုင်ဒေသများ၌လည်းကောင်း၊ ကရင်ပြည်နယ်တွင် ကော့ကရိတ်မြို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ပေါက်တောရဲစခန်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ထီးချိုင့်မြို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် မုန်းမြို့ကိုလည်းကောင်း လာရောက်ပစ်ခတ်ခဲ့ရာ ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိသည့်အခြေအနေများ။

- မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းများနှင့် မြို့ဝင်သံတံတားတို့အား KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အား ၁,၅၀၀ ခန့်ဖြင့် တိုက်ခိုက်ခဲ့ပြီး မုန်းမြို့အား ဒီဇင်ဘာလ ၃ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ယက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန် လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိကြောင်း။

- ဖြစ်စဉ်အမှန်မှာ တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်မှုနှင့် လေကြောင်းပစ်ကူများကြောင့် အကြမ်းဖက်အဖွဲ့များသည် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက မုန်းမြို့အား ပြန်လည်ထိန်းချုပ်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

- နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ ရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်ထောင်စုစနစ်ကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို မလွဲမသွေ လျှောက်လှမ်းတည်ထောင်သွားမှာဖြစ်သည့် အခြေအနေများ။

နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်သွားရန် တာဝန်ရှိပြီး စုစည်းညီညာစွာ လုပ်ဆောင်သွားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- အမေရိကန်နိုင်ငံ၏ Website တစ်ခုဖြစ်သော US Department State Website တွင် Country Report Of Terrorism 2022 ခေါင်းစဉ်ဖြင့် နိုင်ငံအလိုက် အကြမ်းဖက်မှုအစီရင်ခံစာတစ်ခု ထွက်ရှိလာခဲ့ပြီး ၎င်းအစီရင်ခံစာတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မြန်မာနိုင်ငံရှိ အကြမ်းဖက်မှုများ၏ ၅၇ ရာခိုင်နှုန်းကို လည်းကောင်း၊ KNLA ၊ KNDF အဖွဲ့များက ၁၄ ရာခိုင်နှုန်းကိုလည်းကောင်း ကျူးလွန်နေသည်ဟု ထုတ်ပြန်ထားရှိ။
- အဆိုပါအကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ဖော်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့များ ဖြစ်သည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ အမြန်ဆုံးချုပ်ငြိမ်းနိုင် အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လို။
- မုန်းမြို့ရှိ နယ်မြေခံ တပ်ရင်း၌ာနချုပ်မှ အရာရှိ၊ စစ်သည်၊ ရဲမေများက ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်မှုနှင့် လေကြောင်း ပစ်ကူများကြောင့် အကြမ်းဖက်အဖွဲ့များသည် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး တပ်မတော်စစ်ကြောင်း များက မုန်းမြို့အား ပြန်လည်ထိန်းချုပ်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။

---

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ တို့အား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်မှစ၍ မှတ်ပုံတင်ခွင့် ပြုခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

နိုဝင်ဘာလ ၂၉ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုခဲ့သည့် လက်ကျန်ပါတီစုစုပေါင်း ၄၃ ပါတီရှိပြီး ဖျက်သိမ်းခဲ့သည့် ပါတီ ၂ ပါတီရှိကြောင်း သိရှိရ ပါသည်။

**(မြဝတီသတင်းစာ ၃၀-၁၁-၂၀၂၃)**

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီတို့အား မှတ်ပုံတင်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့။
- နိုဝင်ဘာလ ၂၉ ရက်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်ခွင့်ပြုခဲ့သည့် လက်ကျန်ပါတီ စုစုပေါင်း ၄၃ ပါတီရှိပြီး ဖျက်သိမ်းခဲ့သည့် ပါတီ ၂ ပါတီရှိပြီဖြစ်။

## ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲများပြုလုပ်




အမျိုးသားရေးတက်ကြွလှုပ်ရှားသူများသည် အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချပွဲများကို ဒီဇင်ဘာလ ၄ ရက်၌ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြို့တော်ခန်းမရှေ့ရှိ ပျဉ်းမနား-တောင်ညိုလမ်းပေါ်နှင့် ဒီဇင်ဘာလ ၅ ရက်၌ ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့၊ မဟာဗန္ဓုလပန်းခြံဘေး ယာဉ်ရပ်နားကွင်းတို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။


နိုင်ငံတော်အတွင်း အချို့သောဒေသများတွင် အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူအသုံးပြုနေသော လမ်းတံတားများကို ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများကို ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းမှုများဆုံးရှုံးကာ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတွင် အခက်အခဲများကြုံတွေ့နေရပါသည်။ ထို့ပြင် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် အကြမ်းဖက်မှုများ ပပျောက်ချုပ်ငြိမ်းစေရေးအတွက် အဆိုပါဆန့်ကျင်ရှုတ်ချပွဲများအား ကျင်းပခြင်းဖြစ်ပါသည်။

ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက်လာသူများက “မြန်မာပြည်တွင်းရေးကို နောက်ကွယ်မှ ဝင်ရောက်စွက်ဖက်နေသည့် နိုင်ငံများအား - ဆန့်ကျင့်ကြ၊ နောက်ကွယ်မှ အကြမ်းဖက်အားပေးလုပ်ရပ်များ - ချက်ချင်းရပ်၊ မိမိတို့၏နိုင်ငံပျက်စီးအောင် အဖျက်သမားအားပေးနိုင်ငံများ - အလိုမရှိ၊ နိုင်ငံတော်အား ကာကွယ်ရေး - တို့ပြည်သူအားလုံး ပါဝင်ပေး၊ အလုံးစုံပျက်သုဉ်းရေးလုပ်ဆောင်နေသည့် အကြမ်းဖက်လုပ်ရပ်များ- အလိုမရှိ” စသည့်ကြွေးကြော်သံများကို ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

**ဇမ္ဗူသီရိမြို့နယ်၌ အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲများပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**




- အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့အစည်းများအား ဆန္ဒရှုတ်ချပွဲများကို ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့တွင် ပြုလုပ်ခဲ့။

- "မြန်မာပြည်တွင်းရေးကို နောက်ကွယ်မှ အကြမ်းဖက်အားပေးလုပ်ရပ်များ - ချက်ချင်းရပ်၊ မိမိတို့၏နိုင်ငံပျက်စီးအောင် အဖျက်သမားအားပေးနိုင်ငံများ - အလိုမရှိ၊ အလုံးစုံပျက်သုဉ်းရေးလုပ်ဆောင်နေသည့် အကြမ်းဖက်လုပ်ရပ်များ- အလိုမရှိ" စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့။

ဇမ္ဗူသီရိမြို့နယ်နှင့် ရန်ကုန်မြို့တို့၌ အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော
အကြမ်းဖက်အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲများပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်းပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၄ ရက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ-

- မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၅ ဦးသည် ၎င်းတို့နှင့်အတူ လက်လုပ်သေနတ် ၂ လက်၊ ၉ မမ ကျည် ၁၀ တောင့်၊ ကျည်အိမ် ၄ ခုနှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အပ်နှံခဲ့ပြီး အဆိုပါ အပ်နှံခဲ့သည့် သေနတ် ၂ လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိခဲ့။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများအား ပြန်လည်လက်ခံကြိုဆို၍ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာလ ၄ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၅၅၇ ဦးနှင့် အမျိုးသမီး ၁၅၄ ဦး၊ စုစုပေါင်း ၇၁၁ ဦးရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၂-၂၀၂၃)**

- **မြစ်ငယ်နှင့် မြိုင်မြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၅ ဦးသည် ၎င်းတို့နှင့်အတူ လက်လုပ်သေနတ် ၂ လက်၊ ၉ မမ ကျည် ၁၀ တောင့်၊ ကျည်အိမ် ၄ ခုနှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံအပ်နှံခဲ့ပြီး အလင်းဝင်ရောက်ခဲ့။**
- **ဒီဇင်ဘာလ ၄ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၅၅၇ ဦးနှင့် အမျိုးသမီး ၁၅၄ ဦး၊ စုစုပေါင်း ၇၁၁ ဦးရှိပြီဖြစ်။**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိရာ−

- ဒီဇင်ဘာလ ၄ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၁၂၇ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ဒီဇင်ဘာလ ၅ ရက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၁၂ ဦး၊ စုစုပေါင်း ၁၀၄ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ ဒီဇင်ဘာလ ၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉,၉၆၂ ဦး၊ အမျိုးသမီး ၁,၂၂၁ ဦး၊ စုစုပေါင်း ၁၁,၁၈၃ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- ဒီဇင်ဘာလ ၄ ရက်နှင့် ၅ ရက်တို့တွင် တရုတ်နိုင်ငံသားအမျိုးသား ၂၀၇ ဦး၊ အမျိုးသမီး ၂၄ ဦး၊ စုစုပေါင်း ၂၃၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့။
- ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှ ဒီဇင်ဘာလ ၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉,၉၆၂ ဦး၊ အမျိုးသမီး ၁,၂၂၁ ဦး၊ စုစုပေါင်း ၁၁,၁၈၃ ဦးတို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများ ထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့။

## အကြမ်းဖက်သမားများက ဒေသတွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် မဟုတ်မမှန် လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ







တရားမဝင် ပြည်ဖျက်မီဒီယာများမှ နိုင်ငံတွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူမှုများဖြစ်လာစေရန်အတွက် ကဏ္ဍပေါင်းစုံတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးရေးသားလျက်ရှိသည့်အပြင် တပ်မတော်နှင့် ပြည်သူများအကြား သွေးကွဲစေရန်၊ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်အား အထင်အမြင်လွဲမှားစေရန်အတွက် နည်းလမ်းမျိုးစုံအသုံးပြု၍ သွေးခွဲသပ်လျှိုလျက်ရှိပါသည်-

- မော်လမြိုင်မြို့အခြေစိုက် တိုင်းစစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိသည့်နေရာအား ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ရဟတ်ယာဉ်များ ထိခိုက်ပျက်စီးသွားခဲ့သည့် သတင်းသည် သတင်းအမှားသာဖြစ်ပြီး သတင်းအမှန်မှာ အကြမ်းဖက်သမားများက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လူ၊ အဆောက်အအုံနှင့် ဝေးကွာသောနေရာတွင် ကျရောက်ခဲ့ပြီး မည်သည့်အရာမျှ ထိခိုက်မှုမရှိခဲ့ကြောင်း သိရှိရ။
- ကောလင်းမြို့နှင့် အင်းတော်မြို့တို့၌ Non–CDM ဝန်ထမ်းများအလင်းဝင်ဟူသည့် သတင်းသည် လုပ်ကြံသတင်းအတုသာဖြစ်ပြီး Non–CDM ဝန်ထမ်းများအနေဖြင့် ၎င်းတို့တာဝန်ကျရာနေရာများ၌ ပုံမှန်အတိုင်း တာဝန်ထမ်းဆောင်လျက်ရှိ၍ တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG မှ Non–CDM ဝန်ထမ်းများအား လက်နက်အားကိုးဖြင့်


Khit Thit Media

မော်လမြိုင်မြို့ အခြေစိုက် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိရာ နေရာကို ဒရုန်းဖြင့် ဗုံးကြဲ တိုက်ခိုက်မှု ရဟတ်ယာဉ်များ ထိခိုက်ပျက်စီးမှုရှိ

■ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကို ပိုမို ပြင်းထန်သော စစ်ဆင်ရေးများ ဆက်လက် လုပ်ဆောင်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၄

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ အခြေစိုက် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိရာ နေရာကို ဒရုန်းဖြင့် ဗုံးကြဲ တိုက်ခိုက်ရာ ရဟတ်ယာဉ်[illegible] ထိခိုက်ပျက်စီးမှုရှိကြောင်း၊ KNDO တပ်ရင်း ဒရုန်းတပ်ဖွဲ့ တာဝန်ခံမှ ရန်ကုန်[illegible] မီဒီယာသို့ ပြောဆိုသည်။

ဒီဇင်ဘာလ ၄ ရက်နေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် အ[illegible]တောင်တိုင်း စစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိရာ နေရာကို [illegible]DO တပ်[illegible] တပ်ဖွဲ့နှင့် ALpha Bats တပ်ဖွဲ့တို့ ပူးပေါင်း၍ ဒရုန်းဖြင့် ဗုံးကြဲ တိုက်[illegible] ရဟတ်ယာဉ်များ ထိခိုက်ပျက်စီးမှု ရှိကြောင်း သိရသည်။

" ဒီနေ့ ၁ နာရီ ၅၅ မိနစ်ခန့်မှာ အရှေ့တောင်[illegible] စစ်ဌာနချုပ်မှာရှိတဲ့ ရဟတ်ယာဉ်ရပ်ထားတဲ့ နေရာကို ဒရုန်းနဲ့ ဗုံးသီးချ[illegible]တယ်။ ရဟတ်ယာဉ်တွေ ထိခိုက် ပျက်စီးမှုရှိတယ်လို့ မြေပြင်သတင်း[illegible]တယ်" ဟု KNDO တပ်ရင်း ဒရုန်းတပ်ဖွဲ့ တာဝန်ခံမှ ပြောဆိုသည်။

အဆိုပါ အရှေ့တောင်တိုင်း စစ်[illegible]ချုပ်ကို ပိုမို ပြင်းထန်သော စစ်ဆင်ရေးများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်သူများ အနေဖြင့်လည်း KNDO ဒရုန်းတပ်ရင်းကို ကူညီ ထောက်ပံ့မှုများ လုပ်ဆောင်ပေးရန် မေတ္တာရပ်ခံကြောင်း KNDO တပ်ရင်း ဒရုန်းတပ်ဖွဲ့ တာဝန်ခံမှ ဆက်လက် ပြောဆိုသည်။

538 85 55 14 11 9 5 2 1

25.6K 7:38 PM



CDM ပြုလုပ်ရန် အဓမ္မခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ဖိအားပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရ။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လိုသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ စိုးရိမ်ထိတ်လန့်စေရန် အဆိုပါကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးအရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- **မော်လမြိုင်မြို့အခြေစိုက် တိုင်းစစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိသည့်နေရာအား ဒရုန်းဖြင့် ဖုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ရဟတ်ယာဉ်များ ထိခိုက်ပျက်စီးသွားခဲ့သည့်သတင်းသည် သတင်းအမှားသာဖြစ်။**
- **ကောလင်းမြို့နှင့် အင်းတော်မြို့တို့၌ Non-CDM ဝန်ထမ်းများအလင်းဝင်ဟူသည့် သတင်းသည် လုပ်ကြံသတင်းအတုသာဖြစ်ပြီး Non-CDM ဝန်ထမ်းများအနေဖြင့် ၎င်းတို့တာဝန်ကျရာနေရာများ၌ ပုံမှန်အတိုင်း တာဝန်ထမ်းဆောင်လျက်ရှိ။**

# မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းခဲ့



ပဲခူးတိုင်းဒေသကြီး၊ မုန်းမြို့ရှိ နယ်မြေခံတပ်ရင်း ၁ ရင်းအား KNLA နှင့် PDF အကြမ်းဖက်သမားများက ဒီဇင်ဘာလ ၃ ရက်တွင် သာလွန်အင်အားဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်ရင်း၌တာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ပြီး ထိတွေ့တိုက်ပွဲအား ဒီဇင်ဘာလ ၄ ရက်အထိ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာသောကြောင့် မိသားစုဝင်များအား ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံစိတ်ချရသည့်နေရာသို့ လေကြောင်းအကူအညီဖြင့် ပြောင်းရွှေ့ပေးခဲ့ပါသည်။

ဒီဇင်ဘာလ ၅ ရက်၊ နံနက်ပိုင်းတွင် တပ်မတော်စစ်ကူစစ်ကြောင်းများ ဖြည့်တင်း၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သောကြောင့် အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မွန်းလွဲပိုင်းတွင် ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပါသည်။ အကြမ်းဖက်သမားများ ခေတ္တဝင်ရောက်နေရာယူထားသည့် နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး မုန်းမြို့အတွင်း လုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိပါသည်။

အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများအနေဖြင့် ဒီဇင်ဘာလ ၃ ရက်တွင် မုန်းမြို့ရှိ တပ်ရင်းများအားလည်းကောင်း၊ မြို့ဝင်သံတံတားနှင့် မုန်းမြို့တို့အားလည်းကောင်း အင်အား ၁,၅၀၀ ခန့်ဖြင့် သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းအမှားများ လုပ်ကြံထုတ်လွှင့်၍ ပြည်သူလူထုစိုးရိမ်ကြောက်ရွံ့စေရန်နှင့် ဒေသတည်ငြိမ်မှုပျက်ပြားစေရန် ဖန်တီးခဲ့ကြောင်း တွေ့ရှိရပါသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ အလောင်း၊ လက်နက်အချို့ သိမ်းပိုက်ရရှိခဲ့ပြီး တိုက်ပွဲဖြစ်စဉ်အတွင်း အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရသော အရာရှိ/ စစ်သည်အချို့နှင့် မြို့တွင်းနေရဲမေအချို့အား ပြန်လည်လွတ်မြောက်ရေးအတွက်လည်း တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

**အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**





- မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် ပြန်လည်တိုက်ခိုက်ခဲ့သောကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့။
- အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများအနေဖြင့် မုန်းမြို့ရှိ တပ်ရင်းများ၊ မြို့ဝင် သံတံတားနှင့် မုန်းမြို့တို့အား အင်အား ၁,၅၀၀ ခန့်ဖြင့် သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းအမှားများ လုပ်ကြံထုတ်လွှင့်၍ ပြည်သူလူထုစိုးရိမ်ကြောက်ရွံ့စေရန်နှင့် ဒေသတည်ငြိမ်မှုပျက်ပြားစေရန် ဖန်တီးခဲ့။
- အဆိုပါနယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများထံမှ အလောင်း၊ လက်နက်အချို့ သိမ်းပိုက်ရရှိခဲ့။

# PDF အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာရှိ မင်္ဂလာဆောင်ပွဲအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့




**ဖြစ်စဉ်နေရာပြ မြေပုံ**

PDF အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်များအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သား ပြည်သူများသွားလာလျက်ရှိသည့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bomp များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာလ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာရှိ ဦးလင်းမောင်၏ နေအိမ်၌ မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ် PDF အကြမ်းဖက်သမားများက ၎င်းကျေးရွာ၏တောင်ဘက် မီတာ ၃,၀၀၀ ခန့်အကွာရှိ ကျောက်မြင့်ကျေးရွာဘက်မှနေ၍ Drone များအသုံးပြုကာ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့ပါသည်။ အဆိုပါဗုံးသီးပေါက်ကွဲမှုကြောင့် မင်္ဂလာဆောင်သို့ ရောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသမီး ၂ ဦးသေဆုံးခဲ့ပြီး အသက် ၇ နှစ်အရွယ် ကလေးငယ် ၂ ဦးအပါအဝင် ဒေသခံပြည်သူ ၁၃ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ပါသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများအား ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ PDF အကြမ်းဖက်သောင်းကျန်းသူများ၏ လူမဆန်သောလုပ်ရပ်များကို ဒေသခံပြည်သူများအနေဖြင့် လွန်စွာမုန်းတီးရွံရှာလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- **ရွှေဘိုမြို့နယ်၊ ပန်းရုံကျေးရွာ၌ မင်္ဂလာဆောင်ပွဲပြုလုပ်နေစဉ် PDF အကြမ်းဖက်သမားများက Drone များ အသုံးပြုကာ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသမီး ၂ ဦးသေဆုံး၊ အသက် ၇ နှစ်အရွယ် ကလေးငယ် ၂ ဦးအပါအဝင် ဒေသခံပြည်သူ ၁၃ ဦး ဖုံးစထိမှန် ဒဏ်ရာများရရှိခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်ထိ စုစုပေါင်း ၁,၈၆၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၂-၂၀၂၃)**

- **နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်ထိ စုစုပေါင်း ၁,၈၆၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**